
## ၂၁။ ပဲလီပ်ပြာ

**Pea blue butterfly : *Lampides boeticus* (Linnaeus, 1767)**

**Lepidoptera: Lycaenidae**

**ဖျက်ကောင်ပုံသဏ္ဌာန်များ**




လောက်ကောင်သည်ပြား၍အနည်းငယ်လုံးဝန်းသည်။အစိမ်းဖျော့ရောင်ရှိပြီးအသားကြမ်းသည်။ အကောင်ကြီးသည်မီးခိုးပြာရောင်ဖြစ်ပြီးနောက်အတောင်တွင်ထင်ရှားသောအနက်ရောင်အပြောက်များနှင့်အမြီးရှည်ရှိသည်။အတောင်ပံဝမ်းလိုက်ပိုင်းတွင်အညိုပြောက်များနှင့်များစွာသောအစင်းများပါရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



အဖူး၊အပွင့်နှင့်အသီးငယ်တို့တွင်အပေါက်များတွေ့ရသည်။ပက်ကျိကဲ့သို့လောက်ကောင်များတွေ့ရသည်။ ပျားရည်စစ်ထုတ်ခြင်းကြောင့်ပုရွတ်ဆိတ်အနက်များတွေ့ရသည်။

**ဘဝစက်ဝန်း**

ဥ အဆင့် – (၂ -၃) ရက်

လောက်ကောင်အဆင့် – (၈–၁၂) ရက်

ရုပ်ဖုံး အဆင့် – (၃–၄) ရက်

အကောင်ကြီးအဆင့် –(၂–၃)ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)အသီး၊အဖူးနှင့်အပွင့်အပေါ်တွင်အပေါက်များရှိ /မရှိစစ်ဆေးပါ။

(၂)ပဲကြီးသည်ဖျက်ခံနိုင်ရည်ရှိသဖြင့်တွဲဖက်စိုက်ပျိုးပါ။

(၃)ထိသေ၊စားသေအာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- လန်မ်ဒါဆိုင်ဟေလိုသရင် (Lambda-cyhalothrin)
- အီမာမက်တင်ဘန်ဇိုရိတ်(Emamectin Benzoate)
- အင်ဒိုဇာကပ် (Indoxacarb)
- ကာဘာရိုင်း (Carbaryl)